ဇန်နဝါရီ (၅)

**သင့်ဘဝအသက်တာတလျှောက် မိမိလမ်းကိုရှာဖွေရန် အထောက်အထား ဖြစ်စေဖို့အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မြေပုံသဖွယ် ဖြစ်ပေသည်။**

**ခ**ရီးလမ်းတစ်ခုကို လျှောက်လှမ်းနေစဉ် မိမိရှေ့တွင်ဘာရှိသည်ကို တချိန်ပြီးတချိန်မှသာမြင်ရသည်။ သို့သော်လည်း သင့်အနေနှင့်မြေပုံကိုကြည့်ပြီး ၎င်းအပေါ် ယုံကြည်မှုရှိလျှင် မိမိကိုယ်တိုင်ဘယ်နေရာက အစပြုခဲ့သည်ဖြစ်စေ ထိုလမ်းကမည်သည့် နေရာမှ လာခဲ့သည်ကိုလည်း သင်မြင်နိုင်သည်။ မိမိအနေနှင့် ခရီးလမ်းဆုံးပန်းတိုင်ကို မရောက်ဖူးသေးခဲ့လျှင်ဖြစ်စေ ထိုလမ်းကိုမလျှောက်လှမ်းရသေးလျှင်ဖြစ်စေ ထိုလမ်းက မည်သည့်နေရာတွင် ဆုံးကြောင်းကိုလည်း သင်သိနိုင်သည်။ သို့သော်လည်း ထိုမြေပုံကို လေ့လာရန်အတွက် သင်အချိန် အတော်များများကို ဖြုန်းတီးသလိုဖြစ်နိုင်သကဲ့သို့ သင်၏ ခရီးပန်းတိုင်ကို ရောက်ရှိနိုင်သည့် သင့်အခွင့်အလမ်းများကိုလည်း ဖျက်ဆီးလိုက်သကဲ့သို့ ရှိနေမည်။

ခရီးလမ်းတစ်ခုကို မြေပုံမပါဘဲမသွားသင့်သလို ဘဝလမ်းခရီးတလျှောက် မိမိ ဘာသာမိမိလမ်းကို ရှာဖွေလျက် မသွားသင့်။ဘုရားသခင်က ထိုလမ်းခရီးတစ်ခုလုံးကို မြင်နိုင်သည်။ သင်ယခု ဘယ်နေရာတွင်ရှိနေကြောင်း သင်ဘယ်ကလာခဲ့သည်၊သင့်ပစ္စုပ္ပန် နှင့်အတိတ်စသည်တို့ကို သိသည်သာမက သင်သွားနေသည့်နေရာသို့ ရောက်ရှိရန် အေး ကင်းလုံခြုံဆုံး၊ အသေချာဆုံးနှင့် သင့်မြတ်လျော်ကန်ဆုံးဖြစ်သောလမ်းကိုလည်း သူသိ သည်။ ထိုမြေပုံစာအုပ်ဖြစ်သော သမ္မာကျမ်းစာနှင့် တိုင်ပင်ဘက်ပြုလျက် ယင်းနောက်သို့ လိုက်ပါက သင်လည်း သိလိမ့်မည်ဖြစ်သည်။ သင်သည်မြေပုံကိုကြည့်ပြီး ယင်းက မှန်ကန် ကြောင်း ယုံကြည်သောခါ မိမိသွားနေသည့်နေရာ သို့ရောက်ရှိရန် ၎င်းနောက်သို့လိုက်ရမည် ဖြစ်သကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဖတ်ရှုပြီး ယင်းနောက်သို့လိုက်ခဲ့လျှင် သင်သည်ကောင်းကင်ဘုံ၌ အဆုံးသတ်ပေလိမ့်မည်မှာ လုံးဝအကြွင်းမဲ့ပင်ဖြစ်ပြီး မပျက် မကွက်ပင်ဖြစ်သည်။